# အခြားလုပ်ငန်းစဉ်များ (ဂ)

## နာဂစ်မုန်တိုင်းကယ်ဆယ်ရေးလုပ်ငန်းစီမံကိန်း

နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသော မိသားစုများအား ခွန်အားပေးဝေစာ၊ ကျမ်းစာအုပ်များပေး ဝေနိုင်ရန်နှင့် အဓိကလိုအပ်သော ကယ်ဆယ်ရေးထောက်ပံ့မှုပေးနိုင်ရန်အတွက် ကမ္ဘာ့ကျမ်းစာအသင်းများအဖွဲ့သို့ စီမံကိန်းတစ်ခုရေးဆွဲတင်ပြခဲ့ပါသည်။ မူလတင်ပြခဲ့သောစီမံကိန်းဘတ်ဂျက်မှာ US$ 306,400 ဖြစ်သော်လည်း US$ 510,070 ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။ ယနေ့အထိရရှိပြီးသောအလှူငွေမှာ US$ 211,840 ဖြစ်ပါသည်။ နာဂစ်မုန်တိုင်းကယ်ဆယ်ရေးလုပ်ငန်းကို ဥက္ကဋ္ဌမအပါအဝင်အဖွဲ့ဝင်(၅) ဦးရှိသော ကော်မတီတစ်ရပ်ဖွဲ့စည်းတာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ဤစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် လပွတ္တာမြို့နယ်၊ မအူပင်မြို့နယ်၊ တွံတေးမြို့နယ်နှင့်ဟိုင်းကြီးကျွန်းမြို့နယ်ရှိကျေးရွာ (၂၀) တွင် ခရစ်ယာန်အိမ်ထောင်မိသားစု (၁၀၀၀၀) ကျော်နှင့် ပြောင်းလဲလာသူများအတွက် သမ္မာကျမ်းစာအုပ် (၁၀၄၉၅) အုပ်ပေးဝေပြီးဖြစ်ပါသည်။ ထို့အပြင်အိမ်ထောင်မိသားစု (၆၃၅၀) အတွက် ဆန်အိတ်ပေါင်း (၂၇၀၅)၊ အဝတ်အထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများပံ့ပိုးခဲ့ပါသည်။ ကျေးရွာများတွင်အများသုံး ရေတွင်း (၇) တွင်းတူးဖေါ်နိုင်ရန် ပံ့ပိုးခဲ့ပါသည်။ ဟိုင်းကြီးကျွန်းတွင်ငါးဖမ်းစက်လှေတစ်စင်း ပေးလှူနိုင်ခဲ့ပါသည်။

နာဂစ်မုန်တိုင်းကယ်ဆယ်ရေးလုပ်ငန်းကိုဆောင်ရွက်ရာတွင် ထူးခြားသောအတွေ့အကြုံနှင့်ရလဒ်များမှာ ဘုရားသခင်သည် အသက်ရှင်တော်မူသောဘုရားဖြစ်ကြောင်း၊ မယုံကြည်သူများတွေ့မြင်ခံစားရပြီး ဝန်ခံပြောဆိုခြင်း၊ အသက်တာများပြောင်းလဲပြီး ယုံကြည်သူများဖြစ်လာခြင်း၊ အသင်းတော်များပြန်လည်အားယူတည်ဆောက်ခြင်း၊ခရစ်ယာန်များတို့၏မေတ္တာ၊ စေတနာဖြင့်ကူညီမစခြင်း၊ ထိရောက်စွာ သက်သေခံနိုင်ခြင်းအစရှိသည်တို့ဖြစ်ပါသည်။